ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၇)
၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေအသစ်များ။ | ၂-၃ |
| ၂။ | ပညာသင်ထောက်ပံ့ကြေးနှုန်းထားနှင့်တက်ရောက်လူဦးရေအပေါ်ထောက်ပံ့ရာခိုင်နှုန်းသတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့်အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း။ | ၄-၅ |
| ၃။ | ရှေ့နေများ၊နိုတြီပဗ္ဗလစ်များနှင့်ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများက ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး AML/CFT ဆိုင်ရာ OFFSITE စစ်တမ်းလွှာဖြေဆိုရန်ကြေညာချက်ထုတ်ပြန်ခြင်း။ | ၆-၇ |
| ၄။ | ဂျပန်နိုင်ငံရှေ့နေများအသင်းချုပ် (Japan Federation of Bar Associations) ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများ။ | ၈-၁၀ |
| ၅။ | နိုင်ငံတကာပင်လယ်ပြင်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို ကုလသမဂ္ဂမှ အတည်ပြုခဲ့ခြင်း။ | ၁၁-၁၂ |
| ၆။ | ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(UNDP)မှ ထုတ်ပြန်သည့် ၂၀၂၃ခုနှစ်ကျား-မ လူမှုစံနှုန်းများ ညွှန်းကိန်း(2023 Gender Social Norms Index (GSNI)) အစီရင်ခံစာပါအကြောင်းအရာများ။ | ၁၃-၁၅ |
| ၇။ | စက်ဘီးပူကွန်ဗန်းရှင်း၏ရက်သတ္တပတ် ၂၀၂၃။ | ၁၆-၁၇ |
| ၈။ | ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organization-SCO)။ | ၁၈-၂၀ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၇) ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသောဥပဒေအသစ်များ အကြောင်းသိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၁ ခု၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေဘာသာပြန်ဌာနခွဲ (Legal Translation Division) က ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေ ၃၅ နှင့်အညီ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ တရားဝင်ဘာသာပြန်ဆိုထားသည့် Myanmar Law ၆ ခု နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ထုတ်ပြန်သည့် စေ့စပ်ဖြေရှင်းရေးအရာရှိများအတွက် ကျင့်ဝတ်ဆိုင်ရာတန်ဖိုးများ ပြဋ္ဌာန်းခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြ ဝန်ဆောင်မှု ပေးထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၁၆.၆.၂၀၂၃) ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥပဒေအမှတ်(၅၂/၂၀၂၃)ဖြင့် အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ပြဋ္ဌာန်းခဲ့ပြီး ပုဒ်မ ၉၊ ၁၀၊ ၃၅ တို့တွင် “ကျန်းမာရေးဦးစီးဌာန”အစား “အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန”အဖြစ် အမည်ပြင်ဆင်ခြင်းဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမိန့်ကြော်ငြာစာအမှတ် (၃၀၇/၂၀၂၃) ဖြင့် စေ့စပ် ဖြေရှင်းရေးအရာရှိများအတွက် ကျင့်ဝတ်ဆိုင်ရာတန်ဖိုးများကို ထုတ်ပြန်ခဲ့ပါသည်။ စေ့စပ်ဖြေရှင်းရေး အရာရှိသည် အငြင်းပွားသူများအကြား ပေါ်ပေါက်လျက်ရှိသော အငြင်းပွားမှုကို ဖြေရှင်းရန် အဓိက ကျသော အကြောင်းအရာကိုဖော်ထုတ်ကာ ၎င်းတို့ နှစ်ဖက်စလုံးလက်ခံနိုင်မည့် သဘောတူညီချက် ရရှိစေရန် ကြားဝင်ကူညီဆောင်ရွက်ပေးသူဖြစ်သည်။ စေ့စပ်ဖြေရှင်းရေးအရာရှိများက လမ်းညွှန်အဖြစ် လိုက်နာရမည့်ကျင့်ဝတ်ဆိုင်ရာစံနှုန်းများ သတ်မှတ်ရန်၊ ပြည်သူများအတွက် ထိရောက် ကောင်းမွန် သောဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်မည့် စေ့စပ်ဖြေရှင်းရေးအရာရှိကောင်းများ ဖြစ်ပေါ်လာစေရန်၊ စေ့စပ်ဖြေရှင်းရေးလုပ်ငန်းများအတွက် ကောင်းမွန်သော အုပ်ချုပ်မှုတိုးတက်အောင် ဆောင်ရွက်ရန်၊

စေ့စပ်ဖြေရှင်းရေးစနစ်၏ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ဤအမိန့်ကြော်ငြာစာကိုထုတ်ပြန်ထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

စေ့စပ်ဖြေရှင်းရေးအရာရှိများအတွက်ကျင့်ဝတ်ဆိုင်ရာတန်ဖိုးများမှာ လွတ်လပ်မှု၊ သာတူညီမျှရှိမှု၊ သမာသမတ်ကျမှု၊ ဂုဏ်သိက္ခာရှိမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ချက်များ၏ လုံခြုံမှု၊ အငြင်းပွားသူတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ကို လေးစားမှု၊ စေ့စပ်ဖြေရှင်းရေးကို တလွဲသုံးခြင်းမှ ရှောင်ကြဉ်မှုတို့ပင်ဖြစ်သည်။

စေ့စပ်ဖြေရှင်းရေးအရာရှိများအတွက် ကျင့်ဝတ်ဆိုင်ရာတန်ဖိုးများကို စေ့စပ်ဖြေရှင်းရေးအရာရှိအားလုံးက လိုက်နာစောင့်ထိန်းခြင်းသည် အပြည့်အဝတာဝန်ခံနိုင်သော စေ့စပ်ဖြေရှင်းရေးစနစ်တည်ဆောက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## ပညာသင်ထောက်ပံ့ကြေးနှုန်းထားနှင့်တက်ရောက်လူဦးရေအပေါ် ထောက်ပံ့ရာခိုင်နှုန်း သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းစဉ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် ၃/၂၀၂၃ ၏ ကြိုတင်သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနများရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများ၊ အခြေခံပညာကျောင်းများ၊ သက်မွေးပညာသိပ္ပံ၊ သက်မွေးကျောင်းများတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းသား၊ သင်တန်းသူများအတွက် ပညာသင်ကာလအလိုက် ပညာသင်ထောက်ပံ့ကြေးနှုန်းထားများနှင့် တက်ရောက်ဦးရေအပေါ် ထောက်ပံ့ရာခိုင်နှုန်းသတ်မှတ်ခြင်းကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ်၊ဇွန်လ ၁၆ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအမိန့်ကြော်ငြာစာ ထုတ်ပြန်ချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)ရှိ တက်ရောက်ဦးရေ၏ ၁၀% ကို လစဉ် ထောက်ပံ့ကြေး ၃၀၀၀၀ ကျပ်နှင့် အနုပညာအထက်တန်းကျောင်း(ရန်ကုန်၊ မန္တလေး)ရှိ တက်ရောက် ဦးရေ၏ ၁၀၀% ကို လစဉ်ထောက်ပံ့ကြေး ၃၀၀၀၀ ကျပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စိုက်ပျိုးရေးသိပ္ပံများနှင့် ငါးလုပ်ငန်းသိပ္ပံရှိ တက်ရောက်ဦးရေ၏ ၁၀၀% ကို လစဉ်ထောက်ပံ့ ကြေး ၃၀၀၀၀ ကျပ်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းများရှိ တက်ရောက်ဦးရေ၏၁၀၀%ကိုလစဉ်ထောက်ပံ့ကြေး၁၀၀၀၀ကျပ်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း၊ သန်လျင်)၊ ယွန်းပညာကောလိပ် (ပုဂံ)နှင့် သမဝါယမကောလိပ် (ဖောင်ကြီး၊ မန္တလေး)ရှိ တက်ရောက်ဦးရေ၏ ၁၀% ကို လစဉ် ထောက်ပံ့ကြေး ၃၀၀၀၀ကျပ်၊ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း(ဆောင်းဒါး)၊ သက်မွေး ပညာသင်တန်းကျောင်းများ(ရက်ကန်း)နှင့် သမဝါယမစာရင်းရေး စာရင်းကိုင်သင်တန်းကျောင်းများ ရှိ တက်ရောက်ဦးရေ၏ ၁၀၀% ကို လစဉ် ထောက်ပံ့ကြေး ၃၀၀၀၀ ကျပ်၊ ပညာရေးဝန်ကြီးဌာန၊

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်း များ နှင့် Naypyitaw State Academy ရှိ တက်ရောက်ဦးရေ၏ ၁၀% ကို လစဉ်ထောက်ပံ့ကြေး ၃၀၀၀၀ ကျပ်၊ အခြေခံပညာကျောင်းများတွင် မူလတန်းအဆင့်ရှိ တက်ရောက်ဦးရေ၏ ၁.၁% ကို လစဉ် ထောက်ပံ့ကြေး ၅၀၀၀ကျပ်၊ အလယ်တန်းအဆင့်ရှိတက်ရောက်ဦးရေ၏ ၁.၁%ကို လစဉ်ထောက်ပံ့ကြေး ၈၀၀၀ ကျပ်၊ အထက်တန်းအဆင့်ရှိ တက်ရောက်ဦးရေ၏ ၁.၁% ကို လစဉ်ထောက်ပံ့ကြေး ၁၀၀၀၀ ကျပ်နှင့် နယ်စပ်ဒေသရှိ အခြေခံပညာကျောင်းများတွင် မူလတန်းအဆင့်ရှိ တက်ရောက်ဦးရေ၏ ၈% ကို လစဉ်ထောက်ပံ့ကြေး ၅၀၀၀ ကျပ်၊ အလယ်တန်းအဆင့်ရှိ တက်ရောက်ဦးရေ၏ ၈% ကို လစဉ် ထောက်ပံ့ကြေး ၈၀၀၀ ကျပ်၊ အထက်တန်းအဆင့်ရှိ တက်ရောက်ဦးရေ၏ ၈% ကို လစဉ်ထောက်ပံ့ကြေး ၁၀၀၀၀ ကျပ်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အစိုးရနည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် နည်းပညာကောလိပ်များရှိ တက်ရောက်ဦးရေ၏ ၁၀% ကို လစဉ်ထောက်ပံ့ကြေး ၃၀၀၀၀ ကျပ်၊ စက်မှုလက်မှုသိပ္ပံများရှိ တက်ရောက်ဦးရေ၏ ၁၀၀% ကို လစဉ်ထောက်ပံ့ကြေး ၃၀၀၀၀ ကျပ်၊ နည်းပညာအထက်တန်းကျောင်းများရှိ တက်ရောက်ဦးရေ၏ ၁၀၀% ကို လစဉ်ထောက်ပံ့ကြေး ၁၀၀၀၀ ကျပ်၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်ရှိတက်ရောက်ဦးရေ၏ ၁၀%ကို လစဉ်ထောက်ပံ့ကြေး၃၀၀၀၀ကျပ်၊သူနာပြုသားဖွားသင်တန်းကျောင်းများနှင့်သားဖွားသင်တန်းကျောင်းများရှိတက်ရောက်ဦးရေ၏ ၁၀၀% ကို လစဉ်ထောက်ပံ့ကြေး ၃၀၀၀၀ ကျပ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများတွင် အလယ်တန်းအဆင့်ရှိ တက်ရောက်ဦးရေ၏ ၁၀၀% ကို လစဉ်ထောက်ပံ့ကြေး ၈၀၀၀ ကျပ်၊ အထက်တန်းအဆင့်ရှိ တက်ရောက်ဦးရေ၏ ၁၀၀% ကို လစဉ် ထောက်ပံ့ကြေး ၁၀၀၀၀ ကျပ် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် https://www.moali.gov.mm

**ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး AML/CFT ဆိုင်ရာ OFFSITE စစ်တမ်းလွှာ ဖြေဆိုရန် ကြေညာချက်ထုတ်ပြန်ခြင်း**

နိုင်ငံတော်သမ္မတရုံး၏အမိန့်အမှတ် ၄၅/၂၀၁၉ ဖြင့် ထုတ်ပြန်ခဲ့သော ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဆိုင်ရာအမိန့်၏ အပိုဒ် ၃၀ တွင် ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များနှင့် ဥပဒေဖြင့် အသက် မွေးဝမ်းကျောင်းပြုသူများနှင့်စာရင်းကိုင်များသည် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများကို မိမိတို့ဆက်သွယ်ဆောင်ရွက်သူအတွက် သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သည့်အခါ သတင်း အချက်အလက်များဆက်သွယ်ဆောင်ရွက်သူထံမှ လက်ခံရရှိခြင်းမဟုတ်သည့် သံသယဖြစ်စေသော သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က တောင်းဆိုသော အခြားသတင်းအချက် အလက်များကို တင်ပြရမည်ဟု ဖော်ပြပါရှိပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့၏ အမိန့်အမှတ် ၁/၂၀၂၂ ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ရှေ့နေရှေ့ရပ် နှင့် စစ်ဆေးရေးဌာနအား ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များနှင့် ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများ (ရှေ့နေရှေ့ရပ်များ)အပေါ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ သတ်မှတ်ချက်များအား လိုက်နာ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ရေးအာဏာပိုင်အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးသည် နိုတြီပဗ္ဗလစ်များ၊ တရားလွှတ်တော်ရှေ့နေ များနှင့် အထက်တန်းရှေ့နေများက ငွေကြေးဆိုင်ရာ စုံစမ်း ထောက်လှမ်းရေးအဖွဲ့ထံ သံသယဖြစ်ဖွယ် စာချုပ်စာတမ်းသတင်းများ ပေးပို့ရန်ကိစ္စနှင့်စပ်လျဉ်း၍ ၁၈-၁၂-၂၀၁၉ ရက်စွဲဖြင့်လည်းကောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ရှေ့နေရှေ့ရပ်များက လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်စပ်လျဉ်း၍ ၃၀-၉-၂၀၂၂ ရက်စွဲဖြင့်လည်းကောင်း ကြေညာချက် များထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ကြီးကြပ်ရေးအာဏာပိုင်၏ ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို လုပ်ငန်းခွင် ပြင်ပ စစ်ဆေးခြင်းဆောင်ရွက်နိုင်ရန်အတွက် AML/CFT (Anti Money Laundering/ Countering

the Financing of Terrorism)ဆိုင်ရာ OFFSITE စစ်တမ်းလွှာ ကို ရှေ့နေရှေ့ရပ်များက ပြည့်စုံမှန်ကန်စွာ ဖြေဆိုတင်ပြကြရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၂-၆-၂၀၂၃ ရက်နေ့က ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

အထက်တန်းရှေ့နေများသည် သက်ဆိုင်ရာနှစ်အလိုက် သက်တမ်းတိုးလျှောက်ထားရာတွင်လည်းကောင်း၊ တရားလွှတ်တော်ရှေ့နေ လျှောက်ထားရာတွင်လည်းကောင်း AML/CFT ဆိုင်ရာOFFSITEစစ်တမ်းလွှာကိုမပျက်မကွက်ပူးတွဲတင်ပြရမည်ဖြစ်ပြီး တရားလွှတ်တော်ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များ ၊ Law Firm များ သည် သက်ဆိုင်ရာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ AML/CFT ဆိုင်ရာ OFFSITE စစ်တမ်းလွှာကိုဖြေဆိုပြီး နှစ်စဉ် ဇန်နဝါရီလ ၁၅ ရက်နေ့နောက်ဆုံးထား၍ ကြီးကြပ်ရေးအာဏာ ပိုင်ထံသို့ မပျက်မကွက် ပေးပို့တင်ပြရန်ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံတကာငွေကြေးခဝါချမှုစောင့်ကြည့် ရေးအဖွဲ့ (FATF)၏ “Black List” တွင်ထည့်သွင်းသတ်မှတ်ခံရပြီး ၂၀၂၃ ခုနှစ် ဇွန်လ ၂၁ ရက်နေ့ မှ ဇွန်လ ၂၃ ရက်နေ့အထိကျင်းပသော FATF စုံညီအစည်းအဝေးကျင်းပပြီးနောက်တွင်လည်း “Black List” ဆက်လက် ထည့်သွင်းခဲ့ခြင်းခံခဲ့ရပါသည်။ ယင်းကဲ့သို့ “Black List”ထည့်သွင်းခံရမှုမှ လွတ်မြောက်နိုင်ရေး မြန်မာနိုင်ငံ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ဦးဆောင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စနှင့်စပ်လျဉ်း၍ သတင်းပို့အဖွဲ့အစည်းတွင် ပါဝင်သော နိုတြီပဗ္ဗလစ်များ၊ တရားလွှတ်တော်ရှေ့နေ များနှင့် အထက်တန်းရှေ့နေများသည် ကြီးကြပ်ရေးအာဏာပိုင်၏ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရှိရပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

https://www.unionsupremecourt.gov.mm/announcements/198

## ဂျပန်နိုင်ငံရှေ့နေများအသင်းချုပ် (Japan Federation of Bar Associations) ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများ

ဂျပန်နိုင်ငံရှေ့နေများအသင်းချုပ်ကို ၁၉၄၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါသည်။ ပထမဦးဆုံး ရှေ့နေများဆိုင်ရာစည်းမျဉ်းများသည် ရှေ့နေများဆိုင်ရာနည်းဥပဒေများထုတ်ပြန်သည့် ၁၈၇၆ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ စတင်ပေါ်ပေါက်ခဲ့ပြီး ဥပဒေအရာရှိများ၏ကြီးကြပ်မှုဖြင့် တရားရုံးများတွင် အမှုသည်များကို ကိုယ်စားပြုခွင့်ရရှိခဲ့သည်။ ၁၈၉၃ ခုနှစ်တွင် ရှေ့နေများအက်ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ရှေ့နေများအား တရားရုံးတွင် လိုက်ပါဆောင်ရွက်ခြင်းကိုသာ ခွင့်ပြုခဲ့သည်။ ဤဥပဒေသည် ရှေ့နေစာမေးပွဲနှင့် ရှေ့နေမှတ်ပုံတင်စနစ်ကို အစပြုပေးခဲ့သည်။ ဒေသန္တရရှေ့နေအသင်းများ (Bar Associations) ကို ခရိုင်ဥပဒေအရာရှိ၏ ကြီးကြပ်မှုအောက်တွင် ဖွဲ့စည်းလာကြသည်။ ၁၉၃၃ ခုနှစ်တွင် ဥပဒေကိုပြင်ဆင်ပြီး ပိုမိုကျယ်ပြန့်သည့်လုပ်ပိုင်ခွင့်များ ပေးခဲ့သော်လည်း ရှေ့နေအသင်းများသည် တရားရေးဝန်ကြီး၏ ကွပ်ကဲမှုအောက်တွင် ဆက်လက်တည်ရှိခဲ့ပါသည်။ အခြေခံဥပဒေပြဋ္ဌာန်းပြီးနောက် ပေါ်ပေါက်လာသော တည်ဆဲ ၁၉၄၉ ခုနှစ်၊ ရှေ့နေများအက်ဥပဒေအရ တရားရေးဝန်ကြီး၏ ကွပ်ကဲမှုအောက်မှ ဂျပန်ရှေ့နေများအသင်းချုပ်နှင့် ဒေသန္တရရှေ့နေအသင်းများ၏ ကွပ်ကဲမှုအောက်သို့ ပြောင်းရွှေ့ခဲ့သည်။

ဂျပန်နိုင်ငံရှေ့နေများအသင်းချုပ်၏ လုပ်ငန်းများအနက် လူ့အခွင့်အရေးအကာအကွယ်ပေးခြင်းကို အဓိကကျသည့်လုပ်ငန်းစဉ်အဖြစ် ဖော်ပြလေ့ရှိပါသည်။ ထို့ပြင် တရားစီရင်ရေးစနစ်ပြုပြင်ပြောင်းလဲရေး၊ ရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ ဥပဒေပညာရပ်ဆိုင်ရာသင်တန်းများဖွင့်လှစ်သင်ကြားခြင်း ၊ရှေ့နေများ၏အခန်းကဏ္ဍပိုမိုကျယ်ပြန့်လာရေးဆောင်ရွက်ခြင်း၊ ရှေ့နေပြတ်လပ်ခြင်းမဖြစ်စေရေးအတွက် ရှေ့နေဖြန့်ကျက်မှုမညီမျှခြင်းကိစ္စ ညှိနှိုင်းဆောင်ရွက်ခြင်း၊ အခွင့်အရေးချိုးဖောက်ခံရမှုများတွင် ကုစားခွင့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ ဥပဒေဆိုင်ရာအထောက်အကူများပေးခြင်း၊ နိုင်ငံတကာရေးရာကိစ္စရပ်များနှင့်အသင်းချုပ်အတွက် လိုအပ်သော အစည်းအဝေးများ၊ တွေ့ဆုံပွဲများ စီမံဆောင်ရွက်ခြင်းတို့မှာ အဓိကလုပ်ငန်းများအဖြစ် ပါဝင်ပါသည်။

ပုံမှန်လုပ်ငန်းစဉ်များအဖြစ် ဘတ်ဂျက်နှင့်အသင်းချုပ်၏ စည်းမျဉ်းစည်းကမ်းများ ဆွေးနွေးသည့် အထွေထွေအစည်းအဝေးကို နှစ်စဉ်မေလတွင် လည်းကောင်း၊ အသင်းချုပ်၏ သုတေသနရလဒ်များနှင့် လူ့အခွင့်အရေးကိစ္စများ ဆွေးနွေးရန်အတွက် လူ့အခွင့်အရေး ကာကွယ်မှုဆိုင်ရာညီလာခံကို နှစ်စဉ် အောက်တိုဘာလတွင် လည်းကောင်း ကျင်းပပါသည်။ တရားစီရင်ရေးစနစ်တွင် ဒီမိုကရေစီစံတန်ဖိုးများ ပိုမိုတိုးတက်လာစေရန်နှင့် တရားစီရင်ရေးစနစ်နှင့် ဆက်စပ်သောပြဿနာများအား လေ့လာရန်အတွက် တရားရေးဆိုင်ရာ စာတမ်းဖတ်ပွဲကိုလည်းကောင်း၊ ဥပဒေရေးရာလက်တွေ့ကျင့်စဉ်များအား လေ့လာမှုကျယ်ပြန့်လာစေရန်နှင့် ဖွံ့ဖြိုးစေရန်အတွက် ဥပဒေရေးရာလက်တွေ့ကျင့်စဉ်များဆိုင်ရာစာတမ်းဖတ်ပွဲကို လည်းကောင်း နှစ်နှစ်လျှင် တစ်ကြိမ်စီဖြင့် ကျင်းပရပါသည်။ ထို့ပြင် “လွတ်လပ်ခြင်းနှင့် တရားမျှတမှု” အမည်ရှိ လစဉ်ထုတ်ဂျာနယ်ကို ၁၉၅၀ ခုနှစ်မှစ၍ ထုတ်ဝေခဲ့ပြီး အသင်းသားအားလုံးသို့ ဖြန့်ဝေပေးပါသည်။ အသင်းချုပ်အနေဖြင့် ကြုံတွေ့ရသောကိစ္စရပ်များ၊ အစည်းအဝေးများ၊ အခြားလှုပ်ရှားမှုများနှင့်စပ်လျဉ်း၍ အသင်းသားအားလုံး သိရှိနိုင်စေရေးအတွက် ၁၉၇၄ ခုနှစ်မှစတင်၍ “Nichibenren Shimbun” ခေါ် လစဉ်ထုတ်သတင်းစာအပြင် အခြားစာအုပ်စာစောင်များကိုလည်း ထုတ်ဝေခဲ့ပါသည်။

ဂျပန်နိုင်ငံရှေ့နေအသင်းချုပ်၏ နှစ်စဉ်ဘတ်ဂျက်မှာ ဂျပန်ယန်း ၆.၂ ဘီလီယံခန့်ရှိပြီး ဘတ်ဂျက်၏ ၈၀ % ကို အသင်းဝင်ရှေ့နေများ၏ အသင်းဝင်ကြေးရငွေများဖြစ်ပါသည်။ အသင်းဝင်ရှေ့နေတစ်ဦးလျှင် တစ်လ ၁၄၀၀၀ ယန်း ပေးသွင်းရပါသည်။ အသင်းချုပ်၏ အသုံးစရိတ်များကို အသင်းဝင်ကြေး၊ မှတ်ပုံတင်ကြေး၊ သင်တန်းကြေး၊ စာအုပ်စာစောင် ထုတ်ဝေခြင်းနှင့် အခြားအရင်းအမြစ်များမှ ရငွေများဖြင့် ကျခံရပါသည်။ အသင်းချုပ်၏ ရန်ပုံငွေသုံးစွဲမှုအပေါ် ပြင်ပမှ စွက်ဖက်ကန့်သတ်မှုများမရှိပါ။ သို့ရာတွင် အသင်းချုပ်သည် ငွေကြေးဆိုင်ရာမျှတမှု ရရှိစေရေးအတွက် စာရင်းစစ်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို စာရင်းစစ်ကော်ပိုရေးရှင်းတစ်ခုနှင့် လက်မှတ်ရေးထိုးချုပ်ဆိုထားပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ စာရင်းအရ လက်ရှိဂျပန်နိုင်ငံတွင် ဒေသန္တရရှေ့နေ အသင်းပေါင်း ၅၂ ခုရှိပါသည်။ အသင်းချုပ်တွင် အသင်းဝင်ရှေ့နေဦးရေ ၄၄,၉၇၆ ဦးရှိပြီး အသင်းဝင် ရှေ့နေစုစုပေါင်း၏ ၂၀ % ခန့်ရှိသော ရှေ့နေဦးရေ ၈၉၄၁ ဦးမှာ အမျိုးသမီးရှေ့နေများဖြစ်ပါသည်။ မှတ်ပုံတင်ထားသည့် နိုင်ငံခြားရှေ့နေ ၄၆၄ ဦး၊ ဥပဒေပညာလုပ်ငန်း လုပ်ကိုင်သည့် အသင်းအဖွဲ့ (Corporation) ပေါင်း ၁၆၂၅ခုနှင့် မှတ်ပုံတင်ထားသည့်နိုင်ငံခြားရှေ့နေအဖွဲ့အစည်း (Corporation) ပေါင်း ၈ ခုအထိ ရှိပါသည်။ ဂျပန်နိုင်ငံ၏ ဥပဒေနှင့် တရားစီရင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့် အရေးနှင့် ဒီမိုကရေစီခိုင်မာအားကောင်းစေရေးအတွက် အလွန်အရေးပါသည့်အဖွဲ့အစည်းကြီး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## နိုင်ငံတကာပင်လယ်ပြင်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို ကုလသမဂ္ဂမှ အတည်ပြုခဲ့ခြင်း

ကုလသမဂ္ဂ အဖွဲ့ဝင် ၁၉၃ နိုင်ငံသည် ဆယ်စုနှစ် နှစ်ခုနီးပါး စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပြီးနောက် ၁၉-၆-၂၀၂၃ ရက်နေ့တွင်နိုင်ငံများ၏ နယ်နိမိတ်ထက်ကျော်လွန်သည့် နိုင်ငံတကာပင်လယ်ပြင်အား ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ရေရှည်တည်တံ့ခိုင်မြဲရေး တို့အတွက် ကမ္ဘာ့ပင်လယ်သမုဒ္ဒရာ၏ သုံးပုံနှစ်ပုံကိုလွှမ်းခြုံသည့် ဥပဒေအရစည်းနှောင်မှုရှိသော အထင်ကရ ပင်လယ်ပြင်အဏ္ဏဝါ ဇီဝမျိုးစိတ်များဆိုင်ရာသဘောတူစာချုပ် (Marine Biodiversity Agreement) ကို အတည်ပြုခဲ့ပါသည်။

နိုင်ငံများ၏ စီရင်ပိုင်ခွင့်ထက်ကျော်လွန်သည့် ဧရိယာများ၏ ပင်လယ်ပြင်အဏ္ဏဝါဇီဝမျိုးစိတ်များဆိုင်ရာ အစိုးရအချင်းချင်း ညီလာခံ (Intergovernmental Conference on Marine Biodiversity of Areas Beyond National Jurisdiction) ကအတည်ပြုခဲ့သည့် နိုင်ငံတကာပင်လယ်ပြင်ဆိုင်ရာ သဘောတူစာချုပ်သည် ပင်လယ်ပြင်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့်အညီ ယခုလက်ရှိနှင့် နောင်လာမည့် မျိုးဆက်များကိုယ်စား ပင်လယ်သမုဒ္ဒရာကို ကြီးကြပ်ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

ဤသဘောတူစာချုပ်တွင် နယ်စပ်ဖြတ်ကျော်ပင်လယ်သမုဒ္ဒရာအား ကာကွယ်ခြင်း၊ ပင်လယ်သမုဒ္ဒရာများ ပိုမိုသန့်ရှင်းစေခြင်း၊ ငါးများရေရှည်တည်တံ့စေရန်စီမံခန့်ခွဲခြင်း၊ ပင်လယ်သမုဒ္ဒရာ၏ အပူချိန်လျှော့ကျစေခြင်းနှင့် ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ပြီး မြောက်ရေးအတွက် အလွန်အရေးပါခြင်း စသည့် ကမ္ဘာ့အတွက်အရေးကြီးသည့် အဓိက အချက် ၅ ချက်ပါရှိပါသည်။

နိုင်ငံများသည် မိမိတို့နိုင်ငံ၏စီရင်ပိုင်ခွင့်အောက်ရှိ ရေကြောင်းများအသုံးပြုမှုကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသော်လည်း ယခု သဘောတူစာချုပ်တွင် မထိန်းချုပ်နိုင်သော ငါးဖမ်းလုပ်ငန်းများနှင့် ပင်လယ်သမုဒ္ဒရာ ညစ်ညမ်းမှုကဲ့သို့သော ပျက်စီးစေသည့် လမ်းကြောင်းများအား ကာကွယ်ရန်ကိုပါထပ်မံဖြည့်စွက်ထားပါသည်။

အဆိုပါ သဘောတူစာချုပ်အသစ်တွင် အဏ္ဏဝါဇီဝမျိုးစိတ်များ၏ ရှိရင်းစွဲတန်ဖိုး ကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ပင်လယ်သမုဒ္ဒရာ ဂေဟစနစ်များထိန်းသိမ်းခြင်း၊ အဏ္ဏဝါ သဘာဝပတ်ဝန်းကျင် အသုံးပြုရေးဆိုင်ရာ တာဝန်ရှိမှုများကို သေချာစေရန်နှင့် ထိန်းသိမ်း စောင့်ရှောက်ခြင်းနှင့် ကာကွယ်ခြင်းများကို ရည်ရွယ်သည့် အပိုဒ်များ ၇၅ ခု ပါဝင်ပါသည်။

ထို့ပြင်သဘောတူညီချက်အသစ်သည် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်ဧရိယာနှင့် နိုင်ငံတကာပင်လယ်ပြင်အတွင်း အဓိကမျိုးစိတ်များစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထိန်းသိမ်း စောင့်ရှောက်ရန်အတွက် ကာကွယ်စောင့်ရှောက်ထားသော ပင်လယ်ပြင်ဧရိယာများ အပါအဝင် ဧရိယာကို အခြေခံသည့် စီမံခန့်ခွဲရေးတစ်ခု ထူထောင်ရာတွင် အထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် ကုန်းတွင်းပိတ်ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ကျွန်းသေးများတွင်ကြုံတွေ့ရသည့် အထူးအခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။

အဆိုပါသဘောတူစာချုပ်အသစ်သည် ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် အပါအဝင် ပင်လယ်ပြင်ဆိုင်ရာ ဦးတည်ချက်များ အောင်မြင်စေရန်နှင့် ပင်လယ် သမုဒ္ဒရာဆိုင်ရာ ကြုံတွေ့နေရသည့် ခြိမ်းခြောက်မှုများ ဖြေရှင်းရန်အတွက် အလွန်အရေးပါ ကြောင်း သိရသည်။

အပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

(Source from UN News)

## ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP )မှ ထုတ်ပြန်သည့် ၂၀၂၃ ခုနှစ် ကျား-မ လူမှုစံနှုန်းများ ညွှန်းကိန်း(2023 Gender Social Norms Index (GSNI)) အစီရင်ခံစာပါအကြောင်းအရာများ

ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်မှ ၂၀၂၃ ခုနှစ် ကျား-မ လူမှုစံနှုန်းများညွှန်းကိန်း (2023 Gender Social Norms Index (GSNI)) အစီရင်ခံစာကို ၁၂-၆-၂၀၂၃ ရက်နေ့တွင် ကျားမတန်းတူညီမျှရေးဆီသို့လူမှုရေးစံနှုန်းများ ကူးပြောင်းခြင်း ခေါင်းစဉ်ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ Gender Social Norms Index (GSNI) သည် နိုင်ငံရေး၊ ပညာရေး၊ စီးပွားရေးနှင့် ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာနယ်ပယ်တို့တွင် အမျိုးသမီးများအပေါ် လူအများ၏ သဘောထားများကို ရယူတွက်ချက်ထားပြီး ကမ္ဘာ့လူဦးရေ ၈၅ ရာခိုင်နှုန်းအပေါ် ခြုံငုံသုံးသပ်ထားခြင်းဖြစ်ကြောင်း နှင့် ကမ္ဘာပေါ်တွင် လူ ၁၀ ဦး၌ ၉ ဦးသည် အမျိုးသားများကို အမျိုးသမီးများထက်ပို၍ အလေးပေး ဆက်ဆံမှုများဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

နိုင်ငံရေးကဏ္ဍတွင် အမျိုးသားများသည် အမျိုးသမီးများထက် နိုင်ငံရေးခေါင်းဆောင် ကောင်းဖြစ်သည်ဟုကမ္ဘာ့လူဦးရေထက်ဝက်နီးပါးကယုံကြည်ကြသည်။ ပျမ်းမျှအားဖြင့် နိုင်ငံ့အကြီးအကဲသို့မဟုတ် အစိုးရအကြီးအကဲများအဖြစ် အမျိုးသမီးများပါဝင်မှုပမာဏသည် ၁၉၉၅ ခုနှစ်မှစ၍ ၁၀ ရာခိုင်နှုန်း ခန့်သာရှိသည်။ ကမ္ဘာ့လူဦးရေ ၄၀ ရာခိုင်နှုန်းက စီးပွားရေးကဏ္ဍတွင် အမျိုးသားများသည် အမျိုးသမီး များထက် စီးပွားရေးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုများကို ပိုမိုကောင်းမွန်စွာလုပ်နိုင်သည်ဟု ယုံကြည်ကြသည်။ အလုပ်သမားဈေးကွက်ကိုကြည့်လျှင် စီမံခန့်ခွဲရေးဆိုင်ရာရာထူး၌ အမျိုးသမီးများသည် သုံးပုံတစ်ပုံအောက်သာ ရှိကြသည်။

ပညာရေးကဏ္ဍတွင် နိုင်ငံပေါင်း ၅၉ နိုင်ငံကိုကြည့်လျှင် အမျိုးသမီးများသည် အမျိုးသားများထက် ပညာရေးတွင် ပိုမိုအဆင့်မြင့်သော်လည်း လုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် ဝင်ငွေ ၃၉ ရာခိုင်နှုန်း ပို၍ရရှိကြသည်။ ကျားမ ကွာခြားချက်ကြောင့် ဝင်ငွေကွာဟချက်များဖြစ်ပေါ်လျက်ရှိသည်ကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သတိပြုမိနိုင်ပါသည်။

အမျိုးသားများအပေါ် အမျိုးသမီးများထက်ပို၍ အလေးပေးဆက်ဆံမှုများသည် ဒေသများတွင်လည်းကောင်း၊ဝင်ငွေအဆင့်တွင်လည်းကောင်း၊ ယဉ်ကျေးမှုအစဉ်အလာများတွင်လည်းကောင်း အသီးသီးရှိနေကြသဖြင့် ၎င်းတို့သည် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုဖြစ်နေသည်။ အချို့သောနိုင်ငံများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ များပြားလာသည့်အတွက် ကျားမတန်း တူညီမျှမှု မရှိဘဲ ခွဲခြားဆက်ဆံခြင်းအပေါ် ဆန့်ကျင်သည့် လှုပ်ရှားမှုများရှိလာသည်။ ခွဲခြား ဆက်ဆံမှုရှိသော ကျားမရေးရာ လူမှုရေးစံနှုန်းများသည် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို အတား အဆီးဖြစ်စေပြီး အမျိုးသမီးများ၏အခွင့်အရေးများကိုလည်း ထိခိုက်စေသည်။ ထို့ပြင် လူ့အသိုင်း အဝိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အဖွဲ့အစည်းကိုလည်းထိခိုက်စေသည်။ ခွဲခြားဆက်ဆံသည့် ကျားမ ရေးရာ လူမှုရေး စံနှုန်းများကို ကိုင်တွယ်ဖြေရှင်းခြင်းမရှိဘဲ ကျားမတန်းတူညီမျှမှုကို ရရှိမှာ မဟုတ်ကြောင်း ဖော်ပြထားသည်။

အစိုးရများသည် ကျား၊မ လူမှုရေးစံနှုန်းများကို ပြောင်းလဲရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ကြောင်း အလေးပေး ဖော်ပြထားသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၁ တွင် လူသားတိုင်းသည် မိမိတို့နိုင်ငံ၏အရေးကိစ္စများတွင်ပါဝင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်။ ဘဝနယ်ပယ်အသီးသီးတွင် အမျိုးသမီးများ၏အခွင့်အရေးများကို အသိအမှတ်ပြုခြင်း နှင့် အမျိုးသမီးများပါဝင်ဆောင်ရွက်ခွင့်ပေးခြင်းသည် ခွဲခြားဆက်ဆံသော ကျားမလူမှုရေး စံနှုန်းကို တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းနိုင်သည်။ ထို့ကြောင့် အမျိုးသမီးများ၏ တန်းတူညီမျှမှုကို မြှင့်တင်ပေးသည့် ဥပဒေများနှင့် မူဝါဒများချမှတ် ဆောင်ရွက်ရန်လိုအပ်ပါသည်။ ဥပမာအားဖြင့် အွန်လိုင်းအမုန်းစကား နှင့်ကျားမရေးရာ မမှန်မကန်သတင်းများကို တိုက်ဖျက်ခြင်းသည် ကျားမ စံနှုန်းများကို တန်းတူညီမျှခြင်းဆီသို့ ကူးပြောင်းရန် အကူအညီပေးနိုင်သည်။

အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများနှင့် ပတ်သက်၍ ယခင်စစ်တမ်းနှင့်ယှဉ်လျှင် တချို့သောနိုင်ငံများတွင် ခွဲခြားဆက်ဆံမှုများလျော့နည်းလာသည်ကိုလည်း တွေ့ရှိရသည်။ လူမှု

စံနှုန်းများပြောင်းလဲနိုင်လျှင် ခွဲခြားဆက်ဆံမှု လျော့နည်းလာမည်ဖြစ်၍ ကျားမတန်းတူညီမျှရေး လူမှုရေးစံနှုန်းများ ပြောင်းလဲရမည်ဖြစ်သည်။

Source-2023GenderSocialNormsIndex

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

## စင်္ကာပူကွန်ဗင်းရှင်း၏ရက်သတ္တပတ် ၂၀၂၃

**စင်္ကာပူကွန်ဗင်းရှင်း**(Singapore Convention)သည် ၂၀၁၈ခုနှစ် ဒီဇင်ဘာတွင် နိုင်ငံတကာ ဖြေရှင်းရေးသဘောတူညီချက်များနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းကို လက်ခံ ကျင့်သုံးရန် ကုလသမဂ္ဂ အထွေထွေညီလာခံက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အရ ထိရောက်သော မူဘောင်ရှိသည့် နိုင်ငံတကာစာချုပ်တစ်ရပ်ဖြစ်ပြီး စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် အတွက် စေ့စပ်ညှိနှိုင်းမှုမှ ထွက်ပေါ်လာသော နိုင်ငံတကာဖြေရှင်းရေး သဘောတူညီ ချက်များနှင့် အကျုံးဝင်ပါသည်။ Singapore Convention ၏ရည်ရွယ်ချက်မှာ နိုင်ငံတကာတွင် လွယ်ကူစွာ အသိအမှတ်ပြုခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်းပြုလုပ်နိုင်သည့် ဖြေရှင်းရေး သဘောတူညီချက် များမရှိခြင်းကို ဖြေရှင်းရန်ဖြစ်ပါသည်။ ၇-၈-၂၀၁၉ ရက်နေ့တွင် အဆိုပါ ကွန်ဗင်းရှင်း၏လက်မှတ် ရေးထိုးခြင်း အခမ်းအနားကို စင်္ကာပူနိုင်ငံ၌ ကျင်းပခဲ့ပြီး ၁၂-၉-၂၀၂၀ ရက်နေ့တွင် စတင်အာဏာ သက်ရောက် ခဲ့ပါသည်။ ယနေ့အထိ ၅၅ နိုင်ငံက လက်မှတ်ရေးထိုးထားကာ အဖွဲ့ဝင် ၁၀ နိုင်ငံက အတည်ပြုပါဝင်ထားရှိပါသည်။

စင်္ကာပူကွန်ဗင်းရှင်း၏ရက်သတ္တပတ် (Singapore Convention Week- SC Week) သည် အနုညာတစီရင်ဆုံးဖြတ်ခြင်း၊ စေ့စပ်ဖျန်ဖြေခြင်းနှင့် တရားစွဲဆိုခြင်းအပါအဝင်အငြင်းပွားမှုဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍ စင်္ကာပူနိုင်ငံတွင် အရေးပါသောဆောင်ရွက်မှုတစ်ခုဖြစ် ပါသည်။ SC Week ကို စင်္ကာပူနိုင်ငံဥပဒေရေးရာဝန်ကြီးဌာန(MinLaw)၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်တို့တွင်နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါရက်သတ္တပတ်သည် ခေါင်းဆောင်များ၊ ကျွမ်းကျင်သူများ၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများနှင့် မူဝါဒချမှတ်သူများမှတစ်ဆင့် ပေါ်ပေါက်လာသော ကိစ္စရပ်များကို ဆွေးနွေးရန်၊ ဘုံပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်၊ ဆန်းသစ်တီထွင်မှုများကို ချင့်ချိန်လုပ်ဆောင်ရန်နှင့် အပြောင်းအလဲကို တွန်းအားပေးရန်အတွက် အဓိကလမ်းကြောင်းတစ်ခုဖြစ်ပါသည်။

ယခုနှစ် SC Week (2023)ကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှ စက်တင်ဘာလ ၁ ရက်နေ့အထိ MinLawနှင့် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် United Nations Commission on International Trade Law (UNCITRAL) တို့က ပူးပေါင်းကျင်းပမည်ဖြစ်ပြီး ဆောင်ပုဒ်မှာ "မနက်ဖြန်ကမ္ဘာ ယနေ့-အငြင်းပွားမှုဖြေရှင်းရေး၏ အနာဂတ်ကို ဦးဆောင်ခြင်း" (Tomorrow's World Today: Leading the Future of Dispute Resolution) ဖြစ်ပါသည်။ အဆိုပါ ရက်သတ္တပတ်အတွင်း ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကွန်ရက်ချိတ်ဆက်မှုဆိုင်ရာအခမ်းအနားများနှင့် လည်ပတ်ခြင်းအစီအစဉ်များပါဝင်မည်ဖြစ်ပါသည်။

SC Week (2023) ၏ အဓိကဆောင်ရွက်မှုဖြစ်သည့် UNCITRAL Academy Conference and Capacity-Building Workshops (၃)ခုဖြစ်သည့် လုပ်ငန်းဆိုင်ရာအရည်အသွေးမြှင့်တင်ရေးဆွေးနွေးပွဲ၊ အစိုးရအချင်းချင်းအကြား အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ အရည်အသွေးမြှင့် တင်ရေးဆွေးနွေးပွဲနှင့် ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော်အကြားအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး ဆွေးနွေးပွဲတို့ကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့ အထိ hybrid ပုံစံဖြင့် ကျင်းပမည်ဖြစ်ပါသည်။ UNCITRAL Academy သည် အငြင်းပွားမှု ဖြေရှင်းရေး နယ်ပယ်တွင် အသစ်အဆန်းများနှင့် အရေးကြီးသောပြဿနာများကို အဓိကထား၍ ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် ခေါင်းစဉ်များတွင် ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော်အကြား စေ့စပ်ဖြန်ဖြေခြင်း၊ စေ့စပ်ဖြန်ဖြေခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းတို့ တွင်လိုအပ်ချက်များကို လမ်းညွှန်ခြင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးတွင် အငြင်းပွားမှုဖြေရှင်းခြင်း၊ ကာဗွန်ဈေးကွက်တွင် အငြင်းပွားမှုဖြေရှင်းခြင်း၊ Arbitrators and Mediatiors များအဖြစ် လူသားထက် စက်ရုပ်များက အားသာသောအချက်များ၊ စေ့စပ်ဖြေရှင်း ခြင်းပညာရပ်တို့ ပါဝင်ကြောင်းသိရသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်- https://www.singaporeconventionweek.sg

## ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organization - SCO)

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) သည် အစိုးရအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ ၂၀၀၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့က တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် စတင်ဖွဲ့စည်းခဲ့သည်။ စတင်ဖွဲ့စည်းစဉ်က ကာဇက်စတန်သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကာဂျစ်သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တာဂျစ်ကစ္စတန်သမ္မတနိုင်ငံနှင့် ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ ဟူသည့် အဖွဲ့ဝင် ၆ နိုင်ငံပါဝင်သည်။[1]

ယခုအခါ SCO တွင် တင်းပြည့်အဖွဲ့ဝင် ၉ နိုင်ငံပါဝင်ပြီး ယင်းတို့မှာ တရုတ်၊ အိန္ဒိယ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ပါကစ္စတန်၊ ရုရှား၊ တာဂျစ်ကစ္စတန်၊ ဥဇဘတ်ကစ္စတန်နှင့် အီရန်နိုင်ငံတို့ ဖြစ်ကြသည်။[2] စောင့်ကြည့်လေ့လာသူ observer status နိုင်ငံများမှာ - အာဖဂန်နစ္စတန် ဘယ်လာရုစ်နှင့် မွန်ဂိုးလီးယားနိုင်ငံတို့ ဖြစ်ကြသည်။[3]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organisation - SCO) ၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ခွင့်ပြုကြောင်း စာချွန်လွှာကို အိန္ဒိယနိုင်ငံ၊ ဂိုအာမြို့၌ ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သည့် ရှန်ဟိုင်း ပူးပေါင်း

---

[1] Shanghai Cooperation Organization Website, http://eng.sectsco.org/about_sco/20220810/909119.html#:~:text=The%20Shanghai%20Cooperation%20Organization%20is,and%20the%20Republic%20of%20Uzbekistan. (visited on June 26, 2023)

[2] Ministry of Foreign Affairs Website, The Republic of Turkiye, https://www.mfa.gov.tr/shanghai-cooperation-organization.en.mfa#:~:text=At%20the%20Dushanbe%20Summit%20of,and%20Qatar%20became%20Dialogue%20Partners (visited on June 25, 2023)

Indian Council of World Affairs Website, https://www.icwa.in/show_content.php?lang=1&level=1&ls_id=9122&lid=5926 (visited on June 26, 2023)

[3] Ministry of Foreign Affairs Website, The Republic of Turkiye, https://www.mfa.gov.tr/shanghai-cooperation-organization.en.mfa#:~:text=At%20the%20Dushanbe%20Summit%20of,and%20Qatar%20became%20Dialogue%20Partners (visited on June 26, 2023)

ဆောင်ရွက်မှုအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ဆက်စပ်အစည်းအဝေး ကာလအတွင်း အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ (SCO) ၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zhang Ming တို့က ၅-၅-၂၀၂၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံနှင့်အတူ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ ဆွေးနွေးဖက်နိုင်ငံများဖြစ်လာသည့် အာရပ်စော်ဘွားများပြည်ထောင်စု၊ကူဝိတ်နှင့်မော်လ်ဒိုက်ဗ်နိုင်ငံတို့မှကိုယ်စားလှယ်များလည်း တက်ရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။[4]

ယခုအခါ SCO ၏ ဆွေးနွေးဖက်နိုင်ငံ (dialogue partner) များ ၁၃ နိုင်ငံအထိ ရှိလာပြီဖြစ်သည်။ ယင်းတို့မှာ - အဇာဘိုင်ဂျန်၊ အာမေးနီးယား၊ ကမ္ဘောဒီးယား၊ နီပေါ၊ တူကီယဲ၊ သီရိလင်္ကာ၊ ကူဝိတ်၊ မော်လ်ဒိုက်ဗ်၊ မြန်မာ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အီဂျစ်၊ ကာတာနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ ဖြစ်ကြပါသည်။[5]

SCO ၏ အဓိကရည်မှန်းချက်များမှာ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်ယုံကြည်မှု နှင့် အိမ်နီးချင်းကောင်းဆက်ဆံရေး ခိုင်မာစေရန်၊ နိုင်ငံရေး၊ ကုန်သွယ်မှုနှင့် စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှုကဏ္ဍအပြင် ပညာရေး၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့် အခြားနယ်ပယ်များတွင် ထိရောက်သောပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်ရေးတို့ကို ထိန်းသိမ်းရန်၊ ဒီမိုကရေစီနည်းကျ၊တရားမျှတပြီးဆင်ခြင်တုံတရားရှိသောနိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ နိုင်ငံတကာ အစီအစဉ်သစ်တစ်ရပ်ထူထောင်ရေးဆီသို့ ဦးတည်ရွေ့လျားသွားရန်တို့ဖြစ်သည်။[6] ယခုအခါ SCO သည် အဆိုပါ ရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်လျက်ရှိပြီး UN၊ CIS၊ ASEAN၊ CSTO၊ ECO၊ CICA၊

---

[4] (၆ - ၅ - ၂၀၂၃) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ, Page -9

[5] https://en.wikipedia.org/wiki/Shanghai_Cooperation_Organisation (visited on June 26, 2023)

[6] Shanghai Cooperation Organization Website, http://eng.sectsco.org/docs/about/faq.html#2 (visited on June 26, 2023)

ICRC ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။[7]

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသည် SCO ၏ ဆွေးနွေးဖက်နိုင်ငံဖြစ်လာသည့်အလျောက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသော နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာကဏ္ဍများနှင့် အခြားသောကဏ္ဍများတွင်လည်း ယခင်ကထက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်လာနိုင်မည် ဖြစ်ပါသည်။

(ဆုမွန်လင်း၊ ဥ/၂၉၃၃)
လက်ထောက်ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် -

- Shanghai Cooperation Organization Website
- Indian Council of World Affairs Website
- (၆ - ၅ - ၂၀၂၃) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ
- www.wikipedia.org
- Ministry of Foreign Affairs Website, The Republic of Turkiye.

---

[7] Shanghai Cooperation Organization Website, http://eng.sectsco.org/cooperation/20170110/192193.html (visited on June 26, 2023)